# အာရက္ခရေးရာအထူးလေ့လာချက်

## ရခိုင်ပြည်တွင်း တကျော့ပြန်စစ်ပွဲများ နှင့် အဆင့်မြင့်ပညာရေး အခြေအနေ

**အမှတ် (၄/၂၀၂၆)**

**ပညာရေးကဏ္ဍ**




အာရက္ခတပ်တော်တပ်ဖွဲ့ဝင်များ တောင်ကုတ်တက္ကသိုလ်ရှေ့တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း တွေ့ရစဉ် (ဓါတ်ပုံ-aainfodesk)

**ပြေ ၂၁၊ ၂၀၂၆ ခုနှစ်**

## ၁။နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | ရခိုင်ပြည်တွင်း တကျော့ပြန်စစ်ပွဲများပြီးနောက် ပြောင်းလဲနေသော အဆင့်မြင့်ပညာရေး အခြေအနေ |
| **(ခ) နယ်မြေဒေသ** | ရခိုင်ပြည်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်လုံး |
| **(ဂ) အချိန်ကာလ** | ၂၀၂၃ ခုနှစ် အောက်တိုဘာလ မှ ၂၀၂၆ ခုနှစ် ဧပြီလ အထိ |

ရခိုင်ပြည်တွင် တက္ကသိုလ် နှင့် ကောလိပ် စုစုပေါင်း (၉) ခုရှိသည်။ ယင်းတို့မှာ စစ်တွေမြို့နယ်တွင် စစ်တွေတက္ကသိုလ်၊ အဝေးသင် (စစ်တွေတက္ကသိုလ်)၊ ကွန်ပြူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် သူနာပြုကောလိပ်တို့ဖြစ်ပြီး၊ ကျောက်ဖြူမြို့နယ်တွင် ပညာရေးကောလိပ်နှင့် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းတို့ ရှိသည်။ ထို့ပြင် ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးကောလိပ်၊ တောင်ကုတ်မြို့နယ်တွင် တောင်ကုတ်တက္ကသိုလ်နှင့် သံတွဲမြို့နယ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတို့ တည်ရှိသည်။

၂၀၂၁ခုနှစ်တွင် စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတစ်ဝှမ်းတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement-CDM) ပေါ်ပေါက်လာခဲ့သော်လည်း ရခိုင်ပြည်ရှိ ကျောင်းသား၊ ကျောင်းသူအများစုသည် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) ၏ လမ်းစဉ်အရ အဆိုပါ CDM လှုပ်ရှားမှုတွင် အကျယ်တဝင့် ပါဝင်ခဲ့ခြင်း မရှိခဲ့ပေ။

သို့သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့သော ရခိုင်ပြည်တွင်း တကျော့ပြန်စစ်ပွဲများ ပြင်းထန်လာခဲ့ရာ အခြားကဏ္ဍများကဲ့သို့ပင် အဆင့်မြင့်ပညာရေးလည်း ရပ်တန့်လုနီးပါး ဖြစ်သွားရသည်။ ထိုအခြေအနေများကြောင့်ပင် ရခိုင်ပြည်မှ အဆင့်မြင့်ပညာရေးတက်ရောက်ရသည့် ကျောင်းသားများသည် အခက်အခဲ၊ စိန်ခေါ်မှု အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

ထို့ပြင် ရခိုင်ပြည်ရှိ မြို့နယ် (၁၇) ခုအနက် (၁၄) ခုကို ထိန်းချုပ်ထားသည့် AA သည် ၎င်း၏ ထိန်းချုပ်နယ်မြေများတွင် အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်ပညာရေးစနစ်ကို အကောင်အထည်ဖော် တည်ဆောက်ရန် ကြိုးပမ်းစီစဉ်လာသည်ကို တွေ့ရသည်။

ယခု လေ့လာချက်သည် ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်များ၊ ကျောင်းသားများနှင့် သမဂ္ဂများ၏ ထုတ်ပြန်ချက်များ၊ ULA/AA ၏ ထုတ်ပြန်ချက်များ နှင့် မိမိတို့ အာရက္ခလေ့လာရေးစင်တာ မှ ပြုလုပ်ခဲ့သော မေးမြန်းချက်များကို အဓိက အခြေခံ ဆန်းစစ်လေ့လာထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

### ၂၀၂၃ ခုနှစ် အောက်တိုဘာလ

**(က) အာရက္ခတပ်တော် ထိန်းချုပ်နယ်မြေတွင် ဥပဒေ နှင့် ပြည်သူ့ ရေးရာမူဝါဒ သင်တန်းများ ဖွင့်လှစ်**

အာရက္ခတပ်တော် (AA)သည် ၎င်း၏ထိန်းချုပ်နယ်မြေများအတွင်း ဥပဒေနှင့် ပြည်သူ့ရေးရာမူဝါဒ သင်တန်းများ တက်ရောက်ရန် သင်တန်းသားများ ခေါ်ယူခဲ့သည်။ ဥပဒေရေးရာသင်တန်းသည် (၇) လ ကြာမြင့်မည်ဖြစ်ပြီး၊ အသက် ၂၀ မှ ၃၂ နှစ်အတွင်း တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ (သို့မဟုတ်) အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ အလားတူ သင်တန်းကာလ (၁၇) လ ကြာမြင့်မည့် အာရက္ခပြည်သူ့ရေးရာမူဝါဒနှင့် စီမံအုပ်ချုပ်ရေးကျောင်း အတွက်အသက် ၁၈ နှစ် မှ ၃၂ နှစ်ကြား ရှိ ပညာအရည်အချင်းအနိမ့်ဆုံး အထက်တန်းအဆင့် အောင်မြင်သူများ လျှောက်ထားနိုင်ကြောင်း ခေါ်ယူထားသည်။

### ၂၀၂၅ ခုနှစ် မတ်လ

**(ခ) တက္ကသိုလ် ဆက်တက်ခွင့် မရသည့် ကျောင်းသားများ အတွက် အာရကန်ကောလိပ် ဖွင့်လှစ်**

ရခိုင်ပြည်တွင် အထက်တန်းပညာပြီးမြောက်ထားပြီး တက္ကသိုလ်ဆက်တက်ခွင့် မရရှိသေးသော လူငယ်များ ပညာသင်ခွင့်ရရှိနိုင်ရန်အတွက် အာရကန်ကောလိပ် (Arakan College)ကို ဖွင့်လှစ် သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေသည်ဟု သိရသည်။ အဆိုပါကောလိပ်သည် ဒေသလိုအပ်ချက်များနှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းအပါအဝင် အဆင့်မြင့်ပညာရေးဆိုင်ရာများကို သင်ကြားပေးရန် ရည်ရွယ်ထားပြီး လူငယ်များပညာတိုးတက်ခေတ်မီရေးနှင့် ဒေသဖွံ့ဖြိုးရေးကိုအထောက်အကူပြုနိုင်စေရန်၊ သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

### ၂၀၂၅ ခုနှစ် ဇွန်လ

**(ဂ) စစ်ကောင်စီထိန်းချုပ်ထားဆဲ စစ်တွေတွင် တက္ကသိုလ်တက်ရောက်သူ အလွန်နည်းပါးနေ**

စစ်ကောင်စီထိန်းချုပ်ထားဆဲ ရခိုင်ပြည်၊ စစ်တွေမြို့တွင် တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း တက်ရောက်သူ ကျောင်းသူ၊ ကျောင်းသားများ အလွန်နည်းပါးနေကြောင်း သတင်းရရှိသည်။ စစ်တွေတွင် စစ်တွေတက္ကသိုလ်အပါအဝင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ် တို့ကိုဖွင့်လှစ်ထားသော်လည်း စစ်တွေမြို့နယ်အတွင်း တိုက်ပွဲများကြောင့် လွတ်မြောက်နယ်မြေသို့ တိမ်းရှောင်သူများနှင့် ပြည်မဖက်သို့ တိမ်းရှောင်သူများကြောင့် တက္ကသိုလ်တက်ရောက်မှု အလွန်နည်းပါးသွားခြင်းဖြစ်သည်ဟု သိရသည်။ စစ်တွေတက္ကသိုလ်တွင်ဆိုလျှင် မေဂျာတစ်ခုတွင် အနည်းဆုံး ကျောင်းသူ၊ ကျောင်းသား ငါးဦးမှ ၁၀ ဦးကြားသာတက်ရောက်လျက်ရှိသည်ဟု စစ်တွေတက္ကသိုလ်နှင့် နီးစပ်သူတစ်ဦးက နိုရဉ္စရာကို ပြောသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ

**(ဃ) အာရက္ခပြည်သူ့အစိုးရ၏ ပြည်သူ့ ကျန်းမာရေးဌာန ပြည်သူ့ကျန်းမာရေး ကြီးကြပ်သင်တန်းဖွင့်လှစ်**

အာရက္ခပြည်သူ့အစိုးရ၏ ပြည်သူ့ကျန်းမာရေးဌာနက ပြည်သူ့ကျန်းမာရေးကြီးကြပ်သင်တန်းကို ဖွင့်လှစ်ထားကြောင်း ဇူလိုင်လ (၁၁) ရက်နေ့သတင်းတွင် ထုတ်ပြန်ခဲ့ပါသည်။ သင်တန်းကာလ (၈) လ ကြာမြင့်မည် ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်ကြောင်းသိရသည်။ ထို့အပြင် သင်တန်းပြီးမြောက်သူများကို ကျေးလက်ကျန်းမာရေးဌာနများတွင် ဝန်ထမ်းလိုအပ်ချက်များအရ အလုပ်တာဝန် ခန့်အပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ

**(င) အာရက္ခပြည်သူ့ကျန်းမာရေးဌာနမှ သားဖွားအတတ်အပညာသင်တန်း ဖွင့်လှစ်**

အာရက္ခပြည်သူ့အစိုးရ၊ အာရက္ခပြည်သူ့ကျန်းမာရေးဌာနမှ သားဖွားအတတ်အပညာသင်တန်းများအတွက် လျှောက်လွှာများကို ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် စတင်ခေါ်ယူခဲ့ပါသည်။ သင်တန်းတက်ရောက်ရန် အသက်(၂၅)နှစ်အောက်ရှိရမည်ဖြစ်ပြီး၊ အနည်းဆုံးပညာအရည်အချင်း ၁၂တန်းအောင်သူများနှင့် စနစ်ဟောင်းအရ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ထားပါသည်။

**(စ) တက္ကသိုလ်ပညာရေးအတွက် စီစဉ်နေကြောင်း အာရက္ခတပ်တော်ပြော**

ရခိုင်ပြည်အတွင်း မြို့နယ်များတွင် ပညာသင်ကြားနိုင်ရေးအတွက် ရခိုင်ပြည်က ကျောင်းသားများနှင့် သင့်တော်သော ပညာရေးသင်ရိုးညွှန်းတမ်းများအား ရေးဆွဲနေပြီး အဆင့်မြင့်တက္ကသိုလ်ပညာရေး အတွက်လည်း စီစဉ်လျက်ရှိကြောင်း အာရက္ခတပ်တော် (AA) ၏ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ "အာရက္ခပညာရေးဌာနအနေနဲ့ တန်းတူညီမျှပြီးတော့ တိုင်းပြည်ရဲ့ လိုအပ်ချက်နဲ့ အံဝင်ခွင်ကျဖြစ်တဲ့ ခေတ်မီပညာရေးစနစ်တရပ်ကို ဖော်ဆောင်နိုင်ဖို့ ရေတိုပညာရေးစီမံချက်နဲ့ ရေရှည်ပညာရေး ပေါ်လစီတွေအပြင် အရည်အသွေးပြည့်ဝတဲ့ သင်ရိုးညွှန်းတမ်းတွေကို ရေးဆွဲလို့ရှိပါတယ်။ ရခိုင်စာသင်ရိုးမူဘောင်ကို Grade- 7 အထိ ရေးဆွဲပြီးဖြစ်ပါတယ်။ နောက်ထပ် သင်ရိုးတွေကိုလည်း ဆက်လက်ရေးဆွဲနေပါတယ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ

**(ဆ) ကိုယ်ပျောက်စာသင်ကျောင်းနှင့် ရခိုင်ပြည် ပညာရေး**

တက္ကသိုလ်များ မဖွင့်လှစ်နိုင်သေးခြင်းကြောင့် ကျောင်းသားများအနေဖြင့် ပညာရေးဆက်လက်လေ့လာရန် အခွင့်အလမ်းများ ကန့်သတ်ခံနေရပြီး ကိုယ်ပိုင်ဘဝရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အခက်အခဲများ ရှိနေသည်။

ကျောင်းသားတစ်ဦး၏ ပြောကြားချက်အရ “စာမေးပွဲအောင်ပေမယ့် မပျော်ဘူး… ကိုယ်ဖြစ်ချင်တဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့ တက္ကသိုလ်တွေ မရှိတော့ဘူး” ဟု ဖော်ပြထားသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ

**(ဇ) အာရက္ခပြည်သူ့အစိုးရ ပညာရေးဌာနက ပထမဆုံးသော ရခိုင်ပြည်ဆေးကျောင်းဖွင့်လှစ်**

အာရက္ခပြည်သူ့အစိုးရ၏ ပညာရေးဌာနက ပထမဆုံးသော ဆေးပညာသင်တန်းကျောင်း တက်ရောက်ရန် လျှောက်လွှာများကို ၂၀၂၅ ခုနှစ်ဒီဇင်ဘာလ ၂၄ ရက်နေ့မှ စတင်၍ လက်ခံလျှက်ရှိကြောင်းသိရှိရပါသည်။ ထို့အပြင်စိုက်ပျိုးရေး၊ စာရင်းအင်းပညာနှင့် အင်္ဂလိပ်ဘာသာစကားအတွက် ဒီပလိုမာအတန်းများကိုလည်း ခေါ်ယူလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ

**(ဈ) အာရက္ခပြည်သူ့အစိုးရက သူနာပြု သင်တန်းသားများ ခေါ်ယူ**

အာရက္ခပြည်သူ့အစိုးရမှ အာရက္ခသူနာပြုကျောင်းတွင် တက်ရောက်ရန် သင်တန်းသားများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၃၁ရက်နေ့တွင် စတင်ခေါ်ယူခဲ့ပါသည်။ လျှောက်ထားသူများသည် ၂၀၂၄ ခုနှစ် ယခင် စနစ်ဟောင်း တက္ကသိုလ်ဝင်တန်း (သို့) စနစ်သစ် ၁၂ တန်းအောင်မြင်ထားသူ ဖြစ်ရမည် ဖြစ်ပြီး၊ အသက် ၂၅ နှစ်အောက်ရှိရမည်ဖြစ်ကာ ရခိုင်ပြည်တွင် နေထိုင်သူ ဖြစ်ရမည်ဟု သတ်မှတ်ထားပါသည်။

၂၀၂၆ ခုနှစ် မတ်လ

**(ည) အာရက္ခအမျိုးသားတက္ကသိုလ် ဖွင့်လှစ်**

အာရက္ခပြည်သူ့အစိုးရ၏ ပညာရေးဌာနက တက္ကသိုလ်မပြီးဆုံးသေးသည့် ကျောင်းသားအတွက် ပညာဆက်လက်သင်ယူနိုင်ရန် “အာရက္ခအမျိုးသားတက္ကသိုလ်” ကို တည်ထောင်လိုက်ကြောင်း ထုတ်ပြန်ထားသည်။ ထိုတက္ကသိုလ်တွင် ၂၀၂၆-၂၇ ပညာသင်နှစ်အတွက် အဝေးသင်နှင့် နေ့သင်တန်းများကို လက်ခံသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မည်သည့်တက္ကသိုလ်မှမဆို သက်ဆိုင်ရာဘာသာရပ်အဓိကဖြင့် တတိယနှစ် (အဝေးသင် သို့မဟုတ် နေ့သင်တန်း) ပြီးမြောက်ထားသူများ လျှောက်ထားနိုင်သည်။ ဥပဒေဘာသာရပ်အတွက် စတုတ္ထနှစ်ပြီးမြောက်ထားသူများသည် အရည်အချင်းပြည့်မီသည်။ လျှောက်ထားသူများသည် ရခိုင်ပြည်တွင် နေထိုင်ရမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်နှစ်ဖြစ်သည်။

ဝိဇ္ဇာဘွဲ့ (B.A.) အစီအစဉ်များအတွက် မြန်မာ၊ အင်္ဂလိပ်၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေ၊ ဘောဂဗေဒနှင့် နိုင်ငံတကာဆက်ဆံရေး/နိုင်ငံရေးသိပ္ပံတို့ အပြင် လူမှုရေးသိပ္ပံဘာသာရပ်များ ပါဝင်သည်။

သိပ္ပံဘွဲ့ (B.Sc.) အစီအစဉ်များအတွက် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒတို့အပြင် အခြားသော သိပ္ပံဘာသာရပ်များ ပါဝင်သည်။ ပြီးဆုံးပါက B.A.၊ B.Sc.၊ B.A.(Q)၊ B.Sc.(Q) နှင့် LL.B. စသည့်ဘွဲ့များ ချီးမြှင့်ခြင်းခံရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် မတ်လ

**(၄) မီဇိုရမ်ရှိ ICFAI တက္ကသိုလ်၌ မြန်မာကျောင်းသားများ တက္ကသိုလ်တက်ခွင့်ရသော်လည်း ကျောင်းဝင်ကြေး မြင့်မားသည့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရ**

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ရှိ ICFAI တက္ကသိုလ်တွင် မြန်မာနိုင်ငံမှ တက္ကသိုလ်အောင်မြင်ထားသည့် ကျောင်းသား/သူများလည်း ပညာသင်ခွင့် ရရှိထားသည်။ သို့သော် ကျောင်းဝင်ကြေး ဘာသာရပ်အလိုက် Semester တခုကို အိန္ဒိယ ရူပီး ၃၀,၀၀၀ ကနေ ၆၀,၀၀၀ ( မြန်မာငွေ ၁၅ သိန်း ကနေ သိန်း ၃၀ ) အထိ ပေးသွင်းရမည် ဖြစ်သောကြောင့် ကျောင်းဝင်ကြေး မြင့်မားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ICFAI တက္ကသိုလ်တွင် မြန်မာနိုင်ငံမှ Grade 11၊ Grade 12 အောင်မြင်ထားသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဧပြီလ

**(၅) အာရက္ခအမျိုးသားပညာရေးကို သိုသိုသိပ်သိပ် ဖွင့်လှစ်ဖို့ မျှော်လင့်နေတဲ့ ရခိုင်က ကျောင်းသားတွေ**

အာရက္ခအမျိုးသားပညာရေးဌာနမှ တက္ကသိုလ်ပညာရေးအတွက် ချမှတ်ထားသော အထူးပြုဘာသာရပ်များထဲတွင် အနုပညာ၊ ဘာသာရေး၊ စာပေ၊ သိပ္ပံ၊ နိုင်ငံရေး၊ နည်းပညာ၊ လူမှုရေးနှင့် စီးပွားရေး စသော ဘာသာရပ်များနှင့် သက်ဆိုင်သည့် ဘာသာရပ်များကိုလည်းထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

"အရင်ကတက္ကသိုလ်ပညာရေးတစ်ပိုင်းတစ်စနဲ့ အလုပ်ကိုင်အခွင့်လမ်းတွေလည်း ဆုံးရှုံးမှု ရှိနေခဲ့ရတာကြောင့် ခုလိုတက္ကသိုလ် ပြန်တက်ရဖို့ အခွင့်လမ်းပေါ်လာတာကို ဝမ်းသာနေကြပါတယ်။ တဖက်မှာ စစ်ကောင်စီရဲ့ လေကြောင်းအန္တရာယ်ကို ကျောင်းသားအများစုကြောက်ရွံ့နေကြတယ်"လို့ စစ်တွေတက္ကသိုလ်၌ ပထဝီမေဂျာ ဒုတိယနှစ်ဖြင့် ကျောင်းနားထားရသော ကျောင်းသူတစ်ဦး က ပြောပါတယ်။

## ၃။ တွေ့ရှိချက်များ

၁။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့သော တကျော့ပြန် ပြင်းထန်စစ်ပွဲများကြောင့် ရခိုင်ပြည်တွင်း အဆင့်မြင့် တက္ကသိုလ်၊ ကော်လိပ်ပညာရေးအပါအဝင် ပညာရေးစနစ်တစ်ခုလုံး လုံးဝ ရပ်တန့်လုနီးပါး ဖြစ်ခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း ပြင်းထန်သော မြို့သိမ်းတိုက်ပွဲများကြောင့် ကျောက်တော်၊ တောင်ကုတ်၊ သံတွဲမြို့များရှိ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများမှာ ULA/AA ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့သည်။

၂။ တဖက်တွင် စစ်ကောင်စီ/စစ်ကော်မရှင် ထိန်းချုပ်မှုအောက်ရှိ မြို့များဖြစ်သော စစ်တွေ၊ ကျောက်ဖြူတို့တွင် တည်ရှိသော တက္ကသိုလ်ပညာရေးသည် စစ်ရေး၊ နိုင်ငံရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ပုံမှန်လည်ပတ်ရန်ပင် ခက်ခဲလာခဲ့ပြီး၊ ကျောင်းသား/ကျောင်းသူအများအပြားမှာ ရန်ကုန်၊ မန္တလေးကဲ့သို့ ဒေသများရှိ တက္ကသိုလ်များ (သို့မဟုတ်) အာရက္ခတပ်တော်ထိမ်းချုပ်နယ်မြေသို့ ကူးပြောင်းတက်ရောက်ခဲ့ကြသည်။

၃။ ULA/AA ထိန်းချုပ်နယ်မြေများတွင်လည်း အခြေခံပညာရေးကို ပုံမှန်လည်ပတ်နိုင်ရန် အခက်အခဲများကြောင့် တက္ကသိုလ်ပညာရေးကို အထောက်အကူပြုရန် စိန်ခေါ်မှု ပိုမိုကြီးမားနေပြီး၊ လမ်းတဝက်တွင် တက္ကသိုလ်ရပ်နားလိုက်ရသူများအတွက်လည်း ဆက်လက်ပညာသင်ယူခွင့် အခွင့်အလမ်းများမှာ စစ်ပွဲများအတွင်း ပျောက်ဆုံးနေခဲ့သည်။

၄။ သည်လိုနှင့် ၂၀၂၅ ခုနှစ်တလျှောက်တွင် အဆင့်မြင့်ပညာရေးလုပ်ငန်းများအတွက် အစပြုမှု နည်းပါးနေခဲ့ပြီး၊ အဓိကအားဖြင့် အစိုးရယန္တရားလည်ပတ်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရန် ဆေးကောလိပ်၊ ဆေးသင်တန်း၊ သူနာပြုသင်တန်း၊ သားဖွားသင်တန်းများကိုသာ ဖွင့်လှစ်နိုင်သည်ကို ဒေသတွင်း သတင်းများအရ သိရှိရသည်။

၅။ ၂၀၂၆ ခုနှစ်၊ မတ်လမှ စ၍ လူအများသတိပြုလာသော 'အာရက္ခအမျိုးသားတက္ကသိုလ်' ဖွင့်လှစ်ထားခြင်း ထုတ်ပြန်ချက်နှင့်အတူ ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်များကို ဆည်းပူးခွင့်ရကြောင်း သိရှိရသည်။ သို့သော် စစ်ရေးကာလအတွင်း စိန်ခေါ်မှုများ ဆက်ရှိနေနိုင်ပြီး၊ လုံခြုံရေးနှင့် အရင်းအမြစ်အကန့်အသတ် ပြဿနာများကို ဆက်လက်ကြုံတွေ့ရဖွယ်ရှိနေသည်။

## ၄။ သုံးသပ်ချက်

ပဋိပက္ခကာလအတွင်း အဆင့်မြင့် တက္ကသိုလ်ပညာရေးသည် ပုံမှန်အခြေအနေများထက် ပိုမိုခက်ခဲနိုင်ပေသည်။ ဗဟိုအစိုးရ အဆက်ဆက်၏ ဖိနှိပ်မှုနှင့် ဆင်းရဲမွဲတည်မှုများကြောင့် ပညာရေးအဆင့်အတန်း နောက်ကျကျန်ခဲ့သော ရခိုင်ပြည်သည်လည်း လက်ရှိ စစ်ရေးအခြေအနေများအောက်တွင် စိန်ခေါ်မှုများကို ဆက်လက် ရင်ဆိုင်နေရသည်။ ULA/AA ထိန်းချုပ်မှုအောက်ရှိဒေသများတွင် တက္ကသိုလ်ပညာရေး ပုံမှန်လည်ပတ်နိုင်ရန်လည်း လုံခြုံရေးနှင့် အရင်းအမြစ်ရှားပါးမှုဆိုင်ရာ ပြဿနာများ ကြုံတွေ့ရနိုင်ဖွယ်ရှိသည်။

သို့သော် ပဋိပက္ခအတွင်း ပညာရေးစနစ်တစ်ရပ်ကို ခေတ်သစ် နည်းနာ၊ နည်းပညာများဖြင့် ပေါင်းစပ်၍ စွမ်းအားများကို စုစည်းနိုင်ပါက ထွက်လမ်းရှာတွေ့နိုင်ပေသည်။ လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေများအရ နေပြည်တော်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် မရှိသော ပညာရေးအစီအမံများစွာသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာအစုအဖွဲ့များ၏ ထောက်ပံ့မှုဖြင့် အရည်အသွေးရှိသော တက္ကသိုလ်ပညာရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြသည်ကို ကချင်၊ ကရင် နှင့် တခြားသော ဒေသများတွင် တွေ့ရသည်။ သို့သော် ဒေသတွင်းပြည်သူလူထုနှင့် ULA အစိုးရတို့ကြားတွင် ရှင်းလင်းပြတ်သားသည့် ပညာရေးလမ်းစဉ်၊ မျှော်ရည်ချက် (vision) တစ်ခုကို ပီပြင်စွာ ချမှတ်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရပြီး၊ အစိုးရ၊ ပညာရေး

အသိုင်းအဝိုင်း နှင့် ကျောင်းသား နှင့် ကျောင်းသားမိဘ စသည့် အရေးကြီးသည့် သက်ဆိုင်သူများ (stakeholders) အားလုံး စုစည်းမှုဖြင့်သာ ယခု ကြုံတွေ့နေရသော အဆင့်မြင့် ပညာရေး၏ စိန်ခေါ်မှု၊ အခက်အခဲများကို ကျော်လွှားနိုင်ဖွယ်ရှိသည်။

အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၆ အာရက္ခပြည်။
ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org